## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ရက်စွဲ၊ ၃၀ - ၇ -၂၀၁၉

ကြော်ငြာစာအမှတ် ( ၂ / ၂၀၁၉ )

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်းကြေညာအပ်ပါသည်-

| စဉ် | Lot အုပ်စု | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁။ | Lot (1) | (a)Desktop Computer | ၃၀ စုံ |
| ၂။ | Lot( 2) | (a)Copier | ၃ လုံး |
| | | (b)Printer | ၁၀ လုံး |
| ၃။ | Lot (3) | (a)မီးစက်ခံသေတ္တာ | ၁ လုံး |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း/အရည်အသွေးဆိုင်ရာ အဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာများကို ၁၂ - ၈ -၂၀၁၉ ရက်နေ့ ( ၁၆ : ၀၀ ) အချိန်အတွင်း နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါနှင့် အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်-၁၂၊ နေပြည်တော်၊ ဖုန်း-၀၆၇၃-၄၀၇၃၂၇၊ ၀၆၇၃-၄၀၇၆၀၄ သို့ ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ဖြန့်ဝေခြင်း

ရုံးကြော်ငြာသင်ပုန်း

ခရိုင်အုပ်ချုပ်ရေးမှူး၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ဥတ္တရသီရိမြို့

မြို့နယ်အုပ်ချုပ်ရေးမှူး၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ဥတ္တရသီရိမြို့နယ်

စာအမှတ်၊ စမ-၃ / ၃၃ (၂၇၃ / ၂၀၁၉)

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ၃၀ ရက်

မိတ္တူ

- ပြည်ထောင်စုစာရင်းစစ်ချုပ်စာတွဲ
- အမြဲတမ်းအတွင်းဝန်စာတွဲ
- ညွှန်ကြားရေးမှူးချုပ်စာတွဲ
- ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်များစာတွဲ
- တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ(                    )
- ရုံးလက်ခံ
- မျှော

ခင်လေးမြင့်

ညွှန်ကြားရေးမှူး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

## အိတ်ဖွင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များ

၁။ တင်ဒါအဆိုပြုလွှာတင်သွင်းသူသည် မြန်မာနိုင်ငံသား၊ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်ဖြစ်ရမည်။နိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။ နိုင်ငံတော်မှသတ်မှတ်ထားသည့်အခွန်များ ပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး အမျိုးသားမှတ်ပုံတင်ကတ်ပြား(သို့) နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်သူဖြစ်ရမည်။ တင်ဒါတင်သွင်းလွှာအား တင်သွင်းသူကုမ္ပဏီအမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များတိကျစွာ ဖော်ပြရမည်ဖြစ်ပြီး အောက်ဖော်ပြပါအချက်များကိုပါပူးတွဲတင်ပြရမည်ဖြစ်သည်-

(က) သက်တမ်းရှိသောလုပ်ငန်းလိုင်စင်မိတ္တူ

(ခ) ပိုင်ရှင်(သို့မဟုတ်)လုပ်ငန်းဆောင်ရွက်မည့်သူ၏အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) တင်သွင်းမည့်ပစ္စည်းများ၏ ဓာတ်ပုံ (သို့မဟုတ်) Catelogue

၃။ နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း (Black List) တင်သွင်းထားသော ကုမ္ပဏီ/ လူပုဂ္ဂိုလ်ဖြစ်ပါက တင်ဒါအောင်မြင်ပြီးဖြစ်သော်လည်း ပယ်ဖျက်မည်ဖြစ်သည်။

၄။ တင်ဒါတင်သွင်းသူမှ တင်ဒါအာမခံကြေး (တင်ဒါတန်ဖိုး၏) ၁% ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် သတ်မှတ်ချက်နှင့်အညီ ကြိုတင်ပေးသွင်းထားရမည်။ တင်ဒါအာမခံကြေး ၁% မပေးသွင်းထားသည့် ကုမ္ပဏီများကို တင်ဒါရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါမအောင်မြင်သော တင်ဒါတင်သွင်းသူများအား တရားဝင်အကြောင်းကြားပြီး ၎င်းတို့ပေးသွင်းထားသော တင်ဒါအာမခံကြေးကို(၇)ရက်အတွင်း ပြန်လည်ထုတ်ပေးပါမည်။

၆။ တင်သွင်းမည့်ပစ္စည်းများသည် နောက်ဆက်တွဲပါ သတ်မှတ်ထားသည့် အမျိုးအမည်၊ အရည်အသွေး(Specification)များ ကိုက်ညီပြီးတင်သွင်းနိုင်မည့် အနိမ့်ဆုံးဈေးနှုန်းအား ကိန်းဂဏန်း (မြန်မာကျပ်ငွေ)ဖြင့် ဖော်ပြရမည့်အပြင် စာသားဖြင့်ပါ တိကျစွာရေးသားဖော်ပြထားရမည်။

၇။ သတ်မှတ်ထားသည့်အမျိုးအမည်၊ အရည်အသွေး (Specification)များကွဲလွဲနေပါက ယင်းပစ္စည်းများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ ဈေးနှုန်းအဆိုပြုလွှာ တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်သွင်းမည့်ပစ္စည်းအမျိုးအစားနှင့်ဈေးနှုန်းတို့အပေါ်တွင် အဆုံးအဖြတ်ပေးနိုင်မည့်သူ ပိုင်ရှင် (သို့မဟုတ်) ကိုယ်စားလှယ်အား စေလွှတ်ရမည်။

၉။ တင်ဒါအောင်မြင်သောသူသည် လုပ်ငန်းအာမခံကြေး Performance Guarantee (PG)၊ တင်ဒါအောင်တန်ဖိုး၏ ၁၀% ကိုတင်ဒါစာချုပ်မချုပ်ဆိုမီ ကြိုတင်ပေးသွင်းထားရမည်။ တစ်ပတ်အတွင်း နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်ပါပစ္စည်းအားလုံး ပေးသွင်းပြီးမှသာ အဆိုပါလုပ်ငန်း အာမခံကြေး Performance Guarantee(PG) တန်ဖိုးငွေများအား ပြန်လည် ထုတ်ပေးမည် ဖြစ်သည်။

၁၀။ တင်ဒါအောင်မြင်သူမှ ၅% ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ပြီးသည့် ချလန်တင်ပြမှသာလျှင် ပစ္စည်းတန်ဖိုးငွေမှ ၂% ဝင်ငွေခွန် (Withholding Tax) ဖြတ်တောက်၍ ကျန်ငွေအား ဝယ်ယူသူမှ ပေးချေမည်ဖြစ်ပါသည်။

၁၁။ တင်ဒါအောင်မြင်သူသည် တင်သွင်းရမည့်ပစ္စည်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်သို့ အရောက်ပေးပို့ရမည်ဖြစ်သည်။ ပစ္စည်းများအားလုံး ရောက်ရှိစိစစ်လက်ခံပြီးမှသာ တစ်ပတ်အတွင်းဝယ်ယူသူမှ ငွေပေးချေခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၁၂။ တင်ဒါအောင်မြင်သူသည် တင်သွင်းရမည့်ပစ္စည်းများအား တစ်ဆင့်ခံကန်ထရိုက်ထပ်မံပေးအပ်ခြင်းမပြုရ။

၁၃။ တင်ဒါအောင်မြင်သူမှ ပစ္စည်းများလာရောက်ပေးသွင်းရာတွင် အမျိုးအစားမှန်ကန်မှုရှိ/မရှိကို ကျွမ်းကျင်သူများဖြင့် အသေးစိတ်စစ်ဆေးလက်ခံမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိသော ပစ္စည်းများကိုလက်ခံမည်မဟုတ်ပါ။ ကွဲလွဲနေသောပစ္စည်းများအတွက် မူလသတ်မှတ်ချက်အတိုင်း ပြန်လည်ပေးသွင်းရမည်။

၁၄။ တင်ဒါအောင်မြင်သူသည် တင်ဒါစာချုပ်ချုပ်ဆိုပြီး ရက်ပေါင်း(၂၁)ရက်အတွင်း ပစ္စည်းများကို အပြည့်အဝတင်သွင်းအပ်နှံရမည်ဖြစ်ပြီး သတ်မှတ်ထားသည့်ကာလအတွင်း ပစ္စည်းမအပ်နိုင်ပါက နောက်ကျကြေးအဖြစ် ဒဏ်ကြေးငွေပေးဆောင်ရမည်။ ရက်လွန်ကြေး တစ်ရက်လျှင် ပေးသွင်းရန်ကျန်ပစ္စည်းတန်ဖိုး၏ (၀.၀၁%) ကို တင်သွင်းသည့်ကုမ္ပဏီဘက်မှ ဒဏ်ကြေးအဖြစ်ပေးဆောင်ရမည်။

၁၅။ တင်ဒါအောင်မြင်သူသည် ပစ္စည်းများတင်သွင်းပြီးနောက် အာမခံကာလအတွင်း ချို့ယွင်းမှု/ပျက်စီးမှု ဖြစ်ပေါ်လာပါက အခမဲ့လာရောက်ပြုပြင်ပေးရမည်ဖြစ်ပြီး အာမခံကာလကုန်ဆုံးပြီးနောက်ပိုင်း ချို့ယွင်းမှု/ပျက်စီးမှုအတွက် ပစ္စည်းဖိုးနှင့်လက်ခယူ၍ လာရောက်ပြုပြင်ပေးရမည်ဖြစ်သည်။

၁၆။ ရောင်းသူမှဝယ်ယူသည့်ပစ္စည်းများအား တပ်ဆင်ခြင်းနှင့်လိုအပ်ပါက စက်ပစ္စည်းကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချနိုင်ရေး သင်ကြားပြသပေးခြင်းကို တာဝန်ယူဆောင်ရွက်ပေးရမည်။

၁၇။ အိတ်ဖွင့်တင်ဒါအောင်မြင်သူနှင့် လုပ်ငန်းအပ်နှံခြင်းစာချုပ်ကို တင်ဒါဖွင့်လှစ်သည့်နေ့မှ (၇) ရက်အတွင်း စာချုပ်ချုပ်ဆိုရမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါအောင်မြင်သူသည်စာချုပ်လာရောက်ချုပ်ဆိုရန် ပျက်ကွက်ပါက ယင်းမှတင်သွင်းထားသည့် တင်ဒါအာမခံငွေအား နိုင်ငံတော်ဘဏ္ဍာငွေသို့ပေးသွင်း၍ အိတ်ဖွင့်တင်ဒါအား အသစ်တစ်ဖန် ပြန်လည်ခေါ်ယူသွားမည်ဖြစ်သည်။

၁၈။ တင်ဒါအောင်မြင်သူသည် စာချုပ်ပါစည်းကမ်းချက်များအား လိုက်နာရန်ပျက်ကွက်ပါက စာချုပ်ဖျက်သိမ်းမည့်အပြင် Performance Guarantee(PG)ကိုလည်း နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းသွားမည်ဖြစ်သည်။

၁၉။ အိတ်ဖွင့်တင်ဒါများစိစစ်ရန် ကြေညာထားသည့် နေ့ရက်ရွှေ့ဆိုင်းရခြင်းဖြစ်ပေါ်လာပါက တင်ဒါတင်သွင်းသူမှ လက်ခံရမည်ဖြစ်သည်။

၂၀။ သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်အတိုင်း အိတ်ဖွင့်တင်ဒါများကို လာရောက်တင်သွင်းရမည်ဖြစ်ပြီး နောက်ကျပေးပို့လာသော အိတ်ဖွင့်တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၂၁။ အိတ်ဖွင့်တင်ဒါခေါ်ယူထားသော ပစ္စည်းများအား အရေအတွက်လျှော့၍ဖြစ်စေ၊ တိုး၍ဖြစ်စေ ဝယ်ယူခြင်းကို တင်ဒါတင်သွင်းသူမှ လက်ခံရမည်။

၂၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တင်ဒါကော်မတီသည် တင်သွင်းလာသည့်အိတ်ဖွင့်တင်ဒါများအားစိစစ်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်တစ်ဖန်ပြန်လည်ခေါ်ယူခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည့်အပြင် ယင်းအဖွဲ့၏ အဆုံးအဖြတ်သာအတည်ဖြစ်သည်။

၂၃။ တင်ဒါတင်သွင်းသူက မိမိပစ္စည်းများအား Power Point ဖြင့် ရှင်းလင်းပြသမည်ဆိုပါက ရုံးမှ Projector စီစဉ်ထားရှိမည်ဖြစ်ပြီး မိမိ Laptop ဖြင့်ရှင်းလင်းပြသနိုင်သည်။ ရှင်းလင်းပြသမှုအား ကော်မတီ၏ ခွင့်ပြုချက်ဖြင့်သာ ရှင်းလင်းတင်ပြရမည်။

၂၄။ မရှင်းလင်းသည့်ကိစ္စရပ်များနှင့် အသေးစိတ်သိရှိလိုပါက ၀၆၇၃-၄၀၇၃၂၇ နှင့် ၀၆၇၃-၄၀၇၆၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၂၅။ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများအား ( ၁၂ - ၈ - ၂၀၁၉) ရက်နေ့ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်။

တင်ဒါကော်မတီ

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## ဝယ်ယူမည့်ပစ္စည်းများ

| စဉ် | Lot အုပ်စု | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁။ | **Lot (1)** | (a)Desktop Computer<br>–Intel Core i7, $8^{th}$ Gen<br>–Asus Mother Board<br>–DDR4 4GB<br>–1TB Seagate<br>–Normal Casing<br>–750 W Power Supply<br>–DVD (R/W)<br>–UPS 1250W<br>–19" Monitor<br>–K/B &  Mouse(1 year warranty, service) | ၃၀ စုံ |
| ၂။ | **Lot (2)** | (a)Copier<br>25/23/20 ppm, 25ipm Cir(Scan) 512MB<br>Automatic 2Side<br>Network Ready/ID card Copying<br>1 year warranty, Parts and Service<br>(b)Copier<br>35/30/25ppm, 45ipm(Scan)4GB, 160GB(HD)<br>Support to IP V6, Automatic 2Side/Nrs to Email<br>1 year warranty, Parts and Service<br>(c)Printer<br>A4, Letter, Legal, Printer Speed–up to 25 ppm<br>Printer Resolution(2400 x 600 dpi)<br>Connectivity USB 2.0, (Network, wireless–optional) | ၁ လုံး<br><br><br><br><br>၂ လုံး<br><br><br><br><br>၁၀ လုံး |
| ၃။ | **Lot (3)** | (a)မီးခံသေတ္တာ High–4'x6", 2'x2"Square | ၁ လုံး |